the voice of spring
23.5.2021 · Sunday · No . 48 · Daily News Pamphlet

## PPTT အမှတ်စဉ်(၇)အောင်မြင်ထားသူများကို NUG ကြားကာလပညာရေးအစီအစဉ်တွင်ပါဝင်ရန်ဖိတ်ခေါ်

သတင်းတို

ရင်းမြစ် – NUG မှ

## ဒီးမောဆိုမြို့ ဒေါ်တစီဂိတ်သိမ်းတိုက်ပွဲ၌ PDF နှင့် ပူးပေါင်းတိုက်ခိုက်ခဲ့ဟု Free Burma Ranger ပြော

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## ကယားပြည်နယ်တွင် ဖြစ်ပေါ်လျက်ရှိသော တိုက်ပွဲများနှင့် ပတ်သက်ပြီး ဆန္ဒပြပြည်သူလူထုအား အပြင်းအထန် ဖိနှိပ်၍ လူနေရပ်ကွက်များကို စစ်မြေပြင်ကဲ့သို့ ပစ်ခတ်တိုက်ခိုက်နေသည့် အကြမ်းဖက်စစ်အုပ်စု၏ လုပ်ရပ်များကို ပြင်းထန်စွာရှုတ်ချပြီး ချက်ချင်းရပ်ဆိုင်းရန် NUG ပြည်ထောင်စုဝန်ကြီးချုပ်မှ ကြေညာချက်ထုတ်ပြန်ခဲ့

သတင်းတို

ရင်းမြစ် – NUG မှ

## (၂)ငါးလုံး၊ အရေးတော်ပုံ (၃)လပြည့်ကို တပ်ပေါင်းစုသပိတ်စစ်ကြောင်းများနှင့် ချီတက်ခဲ့ကြ

## ရန်ကုန်၊ မင်္ဂလာတောင်ညွန့်၊ ယုဇန ပလာဇာဝင်ပေါက်(၆)၊ဗုံးပေါက်ကွဲခဲ့

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## မင်းတပ်၊ ဘူကွန်းရွာစစ်ရှောင်စခန်းကို အကြမ်းဖက်စစ်အုပ်စုက လက်နက်ကြီးများနှင့်ပစ်ခတ်တိုက်ခိုက်ခဲ့

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## ချင်း၊ ကန်ပက်လက်မြို့မှ ရဲတပ်ဖွဲ့ဝင် (၁၂)ဦး CDM ပြုလုပ်၍ ချင်းပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဆီပူးပေါင်းခိုလှုံ

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ




မေလ(၂၂)ရက်၊ မန္တလေးမြို့၌ လူအင်အားရာချီပြီး ချီတက်ခဲ့ကြသည့် မန္တလေးအင်ဂျီနီယာသပိတ်စစ်ကြောင်းကို တွေ့ရစဉ် -(ဓါတ်ပုံ-CJ)

## ပြည်သူနှင့်တသားတည်း ရပ်တည်ခြင်းကြောင့် ပြည်သူ့ပါတီမှ နုတ်ထွက်ခြင်း ဖြစ်ကြောင်း နုတ်ထွက်ကြသည့် ပြည်သူ့ပါတီခေါင်းဆောင်ဟောင်း အချို့က ပြောကြားခဲ့

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## ရန်ကုန်၊သဃ်န်းကျွန်းမြို့နယ်၊သုဝဏ္ဏအထက်တန်းကျောင်းဝန်းရှိ စစ်သား(၃)ဦး သေနတ်နှင့်အပစ်ခံရ၊ (၁)ဦးသေ၊ ဘီအိုစီမှတ်တိုင်အနီးရှိ Mytel ရုံးရှေ့တွင် ဗုံးပေါက်ကွဲခဲ့

ရင်းမြစ် – ဧရာဝတီ မှ

## စစ်ကိုင်း၊ ခန္တီးခရိုင်၊ နမ့်စီဘွမ်၊ ကျောက်စိမ်းမှော် ရွာအနီးရှိ စစ်အုပ်စု၏ စခန်းတခုကို KIA မှတိုက်ခိုက်သိမ်းပိုက်ခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – RFA မှ


## ကနီမြို့နယ်၊ ကင်းစံပြကျေးရွာအနီး၌ တိုက်ပွဲပြင်းထန်၊ စစ်အုပ်စုက ဒေသခံများကို လက်နက်ကြီးများနှင့် ပစ်ခတ်တိုက်ခိုက်နေ

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံးဝ)မရပ်တန့်စေရ။

The Voice Of Spring Cartoon



the voice of spring
23.5.2021 · Sunday · No . 48 · Daily News Pamphlet

# သတင်းမှတ်စု

မေလ(၂၂)ရက်၊ ၂၀၂၁

- မင်းတပ်မြို့နယ်၊ ဘူကွန်းရွာရှိ စစ်ဘေးရှောင်စခန်းသို့ စစ်အုပ်စုက တာလပတ်များခြုံ၍ အရပ်ဝတ်နှင့် စစ်ဘေးရှောင်ပုံစံ အသွင်ယူပြီး လက်နက်ကြီး၊ လက်နက်ငယ်များသုံး၍ နေ့လယ်(၂)နာရီမှ (၆)နာရီ အထိ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ Chinland Defe-nse Force(မင်းတပ်)မှ တဦး ကျဆုံးကာ ကိုးဦး ဒဏ်ရာ ရရှိခဲ့ပြီး စစ်အုပ်စုဘက်မှ တဦးသေဆုံး၍ဒဏ်ရာရသူများပြားဟုသိရ။
- NLD တိုင်းအတွင်းရေးမှူး ဦးစိုးမြင့်ထိန်အား နံနက်(၅)နာရီခွဲခန့်က တိမ်းရှောင်နေသည့် လှည်းကူးမြို့နယ်ရှိ ခြံဝင်းတခု၌ စစ်အုပ်စုမှ အင်အားအများအပြားသုံး၍ ဖမ်းဆီးခဲ့။
- ပန်းတနော်မြို့နယ်၊ မိမ္မပြေးကျေးရွာ NLD ပါတီခေါင်းဆောင် ဦးမြငြိမ်းကို နံနက်ပိုင်းက စစ်အုပ်စုက လာရောက်ဖမ်းဆီးရာ ၎င်းအား မတွေ့ရှိသဖြင့် နေအိမ်ရှိ အမျိုးသမီး(၂)ဦးကို ဖမ်းဆီးသွားခဲ့ပြီး ဆိုင်ကယ်နှင့် ပစ္စည်းအချို့ကို လုယက်ခဲ့ဟုသိရ။
- ကလေးမြို့၊ တပ်ဦးသီတာရပ်ကွက်ရှိ ခရိုင်/မြို့နယ်တရားရုံး၌ နံနက်(၅)နာရီခန့်က မီးလောင်မှု ဖြစ်ပွားခဲ့ဟုသိရ။
- ကလေးမြို့အနီး ရာဇဂြိုဟ်ရွာရှိ စစ်ကျွန်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဝင်းကို မျက်နှာဖုံးစွပ် လူ(၂၀)ခန့်က မေ(၂၁)ရက် ညပိုင်းက ဖမ်းဆီးခဲ့ပြီး မေ(၂၂)ရက်၊ နံနက်ပိုင်းက ရွာအနီး၌ ဓားဒဏ်ရာများဖြင့် သေဆုံးနေ။
- ညောင်လေးပင်မြို့နယ်၊ စမ်းကလေးကျေးရွာအုပ်စု၊ ကောက်ကွေ့ကျေးရွာတွင် မေ(၂၁)ရက်၊ ည(၇)နာရီခန့်က စစ်ကျွန်အုပ်ချုပ်ရေးမှူးအိမ်တွင် ပေါက်ကွဲမှု ဖြစ်ပွားရာ ရာအိမ်မှူးတဦး သေဆုံး၍ အုပ်ချုပ်ရေးမှူးနှင့် မိသားစုဝင်(၅)ဦး ဒဏ်ရာ ရရှိခဲ့ဟုသိရ။
- ပဲခူး၊ ကျောက်တံတားမြို့နယ်၊ ဖဒိုနယ်မြေရဲစခန်းတွင် မေ(၂၁)ရက်၊ ည(၉)နာရီခန့်က ပေါက်ကွဲမှုဖြစ်ပွားရာ ရဲတပ်ကြပ်ကြီး ကျော်ဇေယျာမြင့်ဆိုသူ ဒဏ်ရာရခဲ့ဟုသိရ။
- ရန်ကုန်၊ လှိုင်မြို့နယ်၊ မာလာမြိုင် (၉) လမ်းရှိ စစ်ကျွန် ရပ်ကွက်အုပ်ချုပ်ရေးမှူး အိမ်၌ နေ့လယ်(၁:၁၅)ခန့်ကပေါက်ကွဲမှုဖြစ်ပွားခဲ့။
- ရန်ကုန်၊ လမ်းမတော်မြို့နယ်၊ ညောင်ပင်လေးဈေးအနီး၌ ညနေပိုင်းက ပေါက်ကွဲမှုတရပ် ဖြစ်ပွားခဲ့။
- မုံရွာ၊ ကျောက္ကာလမ်းရှိ ဇောတိကာဘုန်းကြီးကျောင်း၊ အမှိုက်ကန်အနီးတွင် မေ(၂၁)ရက်၊ ည(၉)နာရီခန့်က ပေါက်ကွဲမှုဖြစ်ခဲ့ရာ လူ(၂)ဦး သေဆုံးခဲ့။
- ပုသိမ်မြို့၊အမှတ်(၂)တံတားအဆင်း၊ ထွေအုပ်ဝန်ထမ်းအိမ်ရာ၌ နေ့လယ်(၁၂)နာရီခွဲခန့်က ပေါက်ကွဲမှုတရပ်ဖြစ်ပွားခဲ့ဟုသိရ။
- ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ သဖန်းဆိပ်ဆည် အနောက်ဘက်ကျေးရွာ။ ဇရောဝတီ၊ မအူပင်မြို့နယ်၊ အ.လ.က(၁)။ ကချင်၊ မိုးညှင်းမြို့နယ်၊ ဘီလူးမြို့။ ရှမ်းတောင်ပိုင်း၊ ပင်လောင်းမြို့နယ်။ ကရင်ပြည်နယ်၊ ကော့လုံကျွန်းရွာတို့၌ စစ်ကျွန်ပညာရေး၊ အလိုမရှိသပိတ် ပြုလုပ်ခဲ့ကြပြီး ကသာခရိုင်၊ ထီးချိုင့်။ တန့်ဆည်။ ထားဝယ်။ မွန်-ပေါင်။ ရှမ်း-ကျောက်မဲမြို့တို့၌ ဆိုင်ကယ်သပိတ်ပြုလုပ်။
- သပိတ်မှတ်စု
- မန္တလေး၊တပ်ပေါင်းစုသပိတ်၊ စက်မှုစုပေါင်း၊ အင်ဂျီနီယာ၊ မန္တလာ၊ တကသ၊ ပညာရေးကျောင်းပေါင်းစုံ၊ အမရပူရ။ မြင်းခြံ။ ပြင်ဦးလွင်။ ကျွန်းလှ၊ ကျေးရွာပေါင်းစုံ။ ပခုက္ကူ။ ကမ္မ။ ရေဦး။ မုံရွာ။ ဆား လင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်။ ဘုတလင်။ မြိုင်။ မိုးကောင်း။ ကလေးမြို့။ ရေဖြူ။ ကံပေါက်။ ထားဝယ်။ လောင်းလုံမြို့နယ် မောင်းမကန်၊ ညင်းမော်၊ စစ်ပြို။ သရက်ချောင်း၊ တောင်ပျောက်တိုက်နယ်။ ဖားကန့်မြို့၊ မော်ပေါင်းစုံသပိတ်၊ တာမခန်၊ ဟိုပင်။ ရှမ်း -မူဆယ် စသဖြင့် မြို့အသီးသီး၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒ ဖော်ထုတ်ခဲ့ကြ။

ဖေဖော်ဝါရီ(၁)ရက်မှ မေ(၂၁)ရက်အထိ

ကျဆုံးသူဦးရေ - ၈၁၂ ဦး
အဖမ်းဆီးခံရသူဦးရေ- ၅၃၅၄ ဦး
ဝရမ်းထုတ်ခံရသူဦးရေ- ၁၇၈၂ ဦး


ရင်းမြစ် - အေအေပီပီမှ

ရင်းမြစ် - မဇ္ဈိမ



## နွေဦးစကား ဒို့ပြောကြား

“ကြွေမှာ ကြောက်လို့ ဒီည မထွက်တော့ဘူးဆိုတဲ့ ကြယ် ရှိခဲ့လို့လား”




မနက်ဖြန်မှာ မျက်နှာသစ်နိုင်ဖို့
အသက်တွေလောင်းကြေးထပ်ရတဲ့အဖြစ်၊
အလကားရတဲ့ လေတောင် ဝဝ မရှူနိုင်ဘူး
ယမ်းငွေ့တွေ မွှန်နေလို့။

အနာဂတ်ဆီကိုတော့ လျှောက်နေတာပဲ
နောက်ကျောမလုံလို့ လှည့်ကြည့်နေရတာနဲ့
ရှေ့မရောက်သေးဘူး။

နေမင်းကြီးကလည်း အရှေ့ကထွက်မြဲ
လပြည့် လကွယ်ဆိုရင်
ဒီရေတွေလည်း တက်နေဆဲ
ကမ္ဘာကြီးကလည်း ၂၃ ½ ဒီဂရီနဲ့ လည်နေဆဲ
ဘာဖြစ်လို့များ ဗုဒ္ဓအရိပ်မှာ
ဦးနှောက်တွေပန်းထွက်ပြီး
ခါတ်ငွေ့ပိုက်လိုင်းထဲ စီးဝင်သွားကြတာလဲ။

ပြေးရင်းပုန်းရင်း
ရိုးတွင်းချဉ်ဆီက ၅၀၅ ကြိမ်တိုင်တိုင်
တခွန်းတည်း ညည်းဆိုတဲ့တေးက
‘ကမ္ဘာမကြေဘူး’။

ဒီမိုးကရေစီးနေတုန်း
အဖြူရောင်နဲ့ အစိမ်းရောင်က
နုတ်ထွက်စာ တင်တော့
နားကြပ်တွေက
သေနတ်လွယ်ကြိုးတွေဖြစ်ပြီး
မီးကုန်ယမ်းကုန် ထမ်းပိုးနေလိုက်ကြတာများ
ကမ္ဘာကြီးတောင် တုန်လို့။

ပေတရာပေါ်က သွေးတွေ အငွေ့ပျံပြီး
မိုးရွာချတဲ့တနေ့
မင်းနဲ့ငါတွေ့မယ်။

**ကိုပေါက်**
(၂၂.၅.၂၁)

fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

**အရေးတော်ပုံ မုချ အောင်ရမည်**